ဆရာကြီးဦးမျိုးမော်ဟောကြားသွားသည့်တရားကိုဖတ်ရှုပြီးနာယူမှတ်သားနှလုံးသွင်းကြပါစို့။ ဆရာကြီးက ၁ကောဘး၁၈ တွင်ပါရှိသောအကြောင်းအရာကိုအခြေခံပြီးဒေသနာတော်ကို ဟောကြားခဲ့ပါသည်။အာရှနှစ်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌကိုရီးယားလူမျိုးဒေါက်တာဘောလီကင်းက အာရှနှစ်ပတ်လည်အစည်းအဝေးတခုတွင် Cross Over Asia ဟူသောစာတမ်းကိုတင်ပြခဲ့ပါသည်။သူ၏ရည်ရွယ်ချက်မှာလာရောက်ကြသောညီအစ်ကို မောင်နှမများမိမိဒေသအသီးသီးသို့ပြန်သွားကျသည့်အခါထိုကဲ့သို့ဖြစ်မြောက်အောင်ပြုလုပ် နိုင်ရန်အတွက်တင်ပြခဲ့ပါသည်။ဥပမာအားဖြင့်ဩစတေးလျမှလာသောသူများလဲ Cross Over Australian မြန်မာပြည်မှလာသောသူများလည်း Cross Over Myanmarအန္ဒိယ မှလာသောသူများလည်း Cross Over Indria ဟူ၍မိမိတို့သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်ရောက်ကျသည့်အခါခရစ်တော်၏ကားတိုင်တော်တရား ကိုမိမိတို့နိုင်ငံတိုင်း၌လွှမ်းမိုးမှု ရရှိပြီးဘုရားသခင်၏ကောင်းကြီးမင်္ဂလာနှင့်ကယ်တင်ခြင်းဆုကျေးဇူးကိုရရှိနိုင်ရန်အတွက်ထို စာတမ်းကိုတင်ပြခဲ့ခြင်းဖြစ်ပါသည်ဟုဆရာကြီးကဟောကြားခဲ့ပါသည်။ထိုအကြောင်းအရာကို အခြေခံ၍ဆရာကြီးကလည်း Christ Over Myanmar ခရစ်တော၏ကားတိုင်တော်တရား သည်မြန်မာပြည်တွင်လွှမ်းမိုးရမည်ဟူသောရည်ရွယ်ချက်ဖြင့်ပြောကြားခဲ့သည်။ထို့အတူ Cross Over Yangon, Cross Over alone ရန်ကုန်တွင်မကဘဲမိမိတို့တစ်ဦးတစ်ယောက် စီတိုင်းအပေါ်တွင်ခရစ်တော်၏ကားတိုင်တော်သည်လွှမ်းမိုးရန်လိုအပ်ပေသည်။ထို့ကြောင့် ဒေါက်တာဘောလီကင်းကဘုရားသခင်၏သာသနာ တော်တိုးတက်ပြန့်ပွားရန်အတွက်ရည် ရွယ်၍တင်ပြခဲ့သည်။ဒေါက်တာဘောလီကင်းသည်ကိုရီးယားနိုင်ငံတွင် Crusade ဘာသာပြန် ပေးသောသူဖြစ်ပြီးဘုရားကိုယုံကြည်အားကိုးဆပ်ကပ်သောသူတစ်ဦးဖြစ်သည်။ခရစ်တော်၏ ကားတိုင်သည်အာရှနိုင်ငံမြန်မာနိုင်ငံကိုလွှမ်းမိုးနိုင်ရန်အတွက်ယုံကြည်သူတိုင်းမဖြစ်မနေပေး ဆပ်လုပ်ဆောင်၍အသက်ရှင်ရ မည်။မိမိကိုယ်ကိုပြင်ဆင်၍ပြောင်းလဲဆပ်ကပ်လုပ်ဆောင်ရန် သွန်သင်ခဲ့ပါသည်။ပိုမိုလွယ်ကူမှတ်သားနိုင်ရန်အတွက် P ငါးလုံးဖြင့်ရေးသား၍ Cross Over Asia ဟူသောစာတမ်းကိုတင်ပြခဲ့သည်။မြန်မာနိုင်ငံတွင်ရှိသောယုံကြည်သူ တိုင်း ခရစ်တော် ၏ကားတိုင်တော်လွှမ်းမိုးနိုင်ရန်အတွက် p ငါးလုံးဖြင့်ဆင်ခြင်ပြင်ဆင်၍လုပ် ဆောင်ခြင်းဖြင့်ခရစ်တော်၏ဘုန်းတော်ထင်ရှားစေဖို့လုပ်ဆောင်ရမည်ဟုဒေါက်တာဘောလီ ကင်းကပြောခဲ့သည်။ကားတိုင်ဟူသည်စာလုံးနှစ်လုံးဖြစ်သော်လည်းလက်ဝါးဟူသောစလုံးပါ ခဲ့လျှင်လက်ဝါးကပ်တိုင်ဟူ၍ခွဲခြားသိရှိရန်လိုအပ်သည်။ယုံကြည်သူတိုင်းအတွက်ခရစ်တော် သည်ကားတိုင်ပေါ်တွင်ဝေဒနာခံအသတ်ခံခဲ့သည်။ထို့ကြောင့်ကားတိုင်သည်ခရစ်တော်၏ဝေ ဒနာခံရာနေရာအသက်စွန့်ရာနေရာဖြစ်ပြီးလူသားတို့၏အပြစ်များကိုအသွေးတော်ဖြင့်ဆေး ကြောပေးခဲ့သည်။ခရစ်တော်၏ပေးဆပ်ခြင်းသည်လွန်စွာအဓိပ္ပါယ်ရှိလှသည်။ခရစ်တော်၏အ သွေးသွန်းခြင်းအသေခံခြင်းဖြင့်လူသား များ၏အပစ်လွတ်ခွင့်ကိုရရှိခဲ့သည်။ထို့ကြောင့် ကားတိုင်သည်လူသားတို့ကိုကယ်တင်ရာနေရာမေတ္တာဖော်ပြရာနေရာဖြစ်ပေသည်။လူသား များအားမည်မျှချစ်ကြောင်းကိုကားတိုင်ပေါ်တွင်ဖော်ပြခဲ့သည်။ကားတိုင်သည်အပြစ်အဆိပ်အ တောက်ကိုပြေပျောက်လွတ်မြောက်စေသောနေရာဖြစ်သည်။ရှင်ယောဟန်၃း၁၄တွင်မြွေဆိပ် တက်၍ဆိုးမြွေကိုက်သောကြောင့်မောရှေသည်မြောက်ထားခြင်းခံရသကဲ့သို့လူသားသည် လည်းမြောက်ထားခြင်းကိုခံရသည်။ကားတိုင်ကိုကြည့်သောအခါခံစားရသောအဆိပ်အ တောက်သေစေသောအရာများမှပြေပျောက်ခြင်းကိုပေးသော နေရာမျော်လင့်ရာနေရာဖြစ်ပေ သည်။ယုံကြည်သူတို့အတွက်မိုက်မဲခြင်းကိုဖော်ပြရာနေရာဖြစ်ပေသည်။မယုံကြည်သူများနှင့် ဂရိပညာကိုဦးစားပေးသူများအတွက်ကားတိုင်သည်မိုက်မဲခြင်းနှင့်အရူးတရားဟူ၍ပြောဆိုကြ သည်။ဟေဗြဲလူများအတွက်တရားတော်သည်အတားအဆီးဖြစ်စေသောကားတိုင်ဟုခံယူကြ သည်။ရှင်ပေါလုကယုံကြည်သူများအတွက်ကားတိုင်သည်ဘုရား၏တန်ခိုးတော်ဖြစ်သည်။

ကားတိုင်ကို ကြည့်ခြင်းဖြင့်အင်အားဖြစ်စေ၍ခွန်အားနှင့်မျော်လင့်ခြင်းကိုလဲဖြစ်စေသည်။ ထို့ကြောင့်ယုံကြည်သူများကိုကားတိုင်စစ်သူရဲများဟုခေါ်ဆို ကြသည်။ကားတိုင်သည် ကမ္ဘာအနှံ့နိုင်ငံအသီးသီးတွင်နှံ့ပြားခြင်းလွှမ်းမိုးခြင်းဖြင့်ဘုရား ၏ဘုန်းတော်ထင်ရှားစေဖို့ ဖြစ်ပေသည်။ Studio လောကတွင်ကားတိုင်သည်မှေးမှိန်သေးသိမ်သောအနေအထားသို့ ရောက်ရှိနေခဲ့သည်။ ယောကျ်ားများလည်းကားတိုင်ကိုနားကပ်လုပ်၍နားတွင်ပန်ဆင်ကြ သည်။ရုပ်ရှင်သရုပ်ဆောင်များလဲကားတိုင်ကိုပုံစံအမျိုးမျိုးပြုလုပ်၍နေရာအသီးသီးတွင်အလှ ဆင်ကာဝတ်ဆင်ကြပြန်သည်။ထို့ကြောင့်ကားတိုင်သည်သေးသိမ်မှေးမှိန်သောအခြေမနေသို့ ရောက်ရှိနေပါသည်။မွန်မြတ်မှန်ကန်သောကားတိုင်၏လွှမ်းမိုးမှုသည်ကမ္ဘာပေါ်သို့သက် ရောက်ပါကကမ္ဘာကြီးသည်ထူးခြားမှုရှိလာမည် ဖြစ်ပေသည်။ဆက်လက်၍ Pငါးလုံးကိုလေ့ လာကြပါစို့။

## ၁။Praise

ဂုဏ်တော်ချီးမွမ်းခြင်းဖြစ်သည်။ယုံကြည်သူတိုင်းဘုရားရှင်၏ဂုဏ်တော်နှင့်ကျေးဇူးတော်ကိုချီး မွမ်းသောအသက်တာနှင့်အသက်ရှင်လျှင်မိမိ နိုင်ငံမိမိအရပ်ဒေသတို့တွင် ခရစ်တော်၏ကား တိုင်သည်လွှမ်းမိုးနိုင်ပေမည်။အသင်းတော်များတွင် Praise and worship ကိုပြုလုပ်လာကျ သည်။ဘုရားရှင်၏ဂုဏ်တော်ကိုတက်တက်ကြွကြွချီးမွမ်းသီဆိုခြင်းဖြင့်မိမိတို့၏စိတ်နှလုံး များနိုးကြားလာပေမည်။ နှစ်ခြင်းခရစ်ယာဉ်အသင်းတော်များတွင်ရှေးရိုးအစဉ်အလာအတိုင်း ပုံစံမပြောင်းဘဲဝတ်ပြုလျက်ရှိကြောင်းတွေ့မြင်ရပေမည်။စိတ်မပါဘဲပျင်း ရိခြင်းဖြင့်ခံစားမှု မရှိဘဲဝတ်ပြုကိုးကွယ်လျှင်ကားတိုင်သည်ကမ္ဘာကိုလွှမ်းမိုးနိုင်မည်မဟုတ်ပေ။ယုံကြည်သူ တိုင်းဘုရားရှင်၏ကျေးဇူးတော် နှင့်ဂုဏ်တော်ကိုချီးမွမ်းခြင်းဖြင့်အသက်ရှင်လုပ်ဆောင်မှသာ အနေအထားပြောင်းလဲနိုင်မည်ဖြစ်ပေသည်။ဆာလံကျမ်းပေါင်း၁၅၀ထဲတွင်ရေးသာထားသော ကျမ်းများသည်ယုံကြည်သူများဂုဏ်တော်ချီးမွမ်းပြီးခံစားရသောအခက်အခဲပြဿနာမပြေလည် မှုယုံမှားသံသယမှားယွင်းခြင်း များထဲမှနောင်တစိတ်ဖြင့်ဘုရားရှင်၏ကောင်းကြီးမင်္ဂလာကို ခံစားရမှုအပေါ်တွင်ချီးမွမ်းသောသီချင်း ဖြစ်သည်။မိမိတို့သည်လည်းခေတ်သစ်ဆာလံ သီချင်းများကိုရေးစပ်ရန်လိုအပ်ပေသည်။ဆာလံ ၅၀း၂၃ တွင်ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းခြင်းအားဖြင့်ဘုန်းတော်ကိုထင်ရှားစေသည်။အိမ်တွင်တစ်ယောက်ထဲရှိနေသောအခါ တွင်လည်းသီချင်းဆိုပါ။ရေချိုးခန်းထမင်းချက်သောအခါလည်း praise songကိုကက်စက်ဖွင့် နားထောင်ပြီးဘုရားကျောင်းတွင်တက်တက်ကြွကြွသီဆိုပါ။မလေးရှားနိုင်ငံတွင်ဂုဏ်တော်ချီး မွမ်းမည့်သူများသောကြောင့်သီဆိုရန်တန်းစီကြရသည်။မိမိတို့သည်ဘုရားရှင်၏ကျေး ဇူးတော်ကိုချီးမွမ်းခြင်းတဖြည်းဖြည်းလျော့နဲကျဆင်းလာပါကအခြေအနေမကောင်းပါ။ခရစ် ယာဉ်သည်လည်းအခြားသူများနှင့်တူနေပေလိမ့်မည်။ဂုဏ်တော်ကိုချီးမွမ်းခြင်းနှင့်ဆန့်ကျင် ဘက်သည်ညီးတွားမြည်တွန်ခြင်းမကြေနပ်ခြင်း complained တက်ခြင်းဖြစ်သည်။လူလူ ချင်းcomplained တက်သကဲ့သို့ဘုရားပေါ် complained တက်မှုများလာလျှင်အိသရေ လလူမျိုးများတော၌အနှစ်လေးဆယ်နေပြီးပျက်စီးရခြင်းမှာဘုရား ၏ဂုဏ်တော်ကိုချီးမွမ်းရ မည့်အစားမည်တွန်တောက်တီး၍ဘုရားကိုအပြစ်တင်ခြင်းကြောင့်အခွင့်အရေးဆုံးရှုံးရသည်ဟု ဒေါက်တာဘောလီကင်းကဖော်ပြထားသည်။ယုံကြည်သူတိုင်းဘုရား၏ကျေးဇူးတော်ကိုအရာရာ တိုင်း၌ချီးမွမ်း၍အသက်ရှင်လျှင်ခရစ်တော် ၏ကားတိုင်တော်တရားသည်မိမိတို့နိုင်ငံတွင် လွှမ်းမိုးနိုင်မည်ဟု Praise ဟူသောစာလုံးဖြင့်ဖော်ပြထားပါသည်။ထို့ကြောင့်မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ကြည့်ရန်လိုအပ် ပေသည်။

## ၂။ Pray

ဆုတောင်းခြင်းဖြစ်သည်။ခရစ်ယာဉ်များကဆုတောင်းခြင်းသည်ထူးဆန်းသည့်အရာမဟုတ်

ပေ။ဆရာကြီးတစ်ပါးကဆုတောင်းခြင်းသည်ဝိဉာဉ်ရှင်သန်ရန်အသက်ရှုခြင်းဖြစ်သည်ဟုဆို ထားသည်။ဘုရားနှင့်ဆက်သွယ်ခြင်းမိသဟာရဖွဲ့ခြင်းဖြစ်သည်။မိမိအသက်ကိုဆက်သော အရာဖြစ်သည်။ရေငုပ်သူများသည် oxygen ဗူးကိုကြိုးဖြင့်ဆက်သကဲ့သို့အာကာသတွင် လမ်းလျှောက်သူများလည်း အာကာသယာဉ်ကိုကြိုးဖြင့်ဆက်ကာလျှောက်ရသည်။အကယ် ၍ကြိုးပျက်သွားပါကလွင့်မျောသွားနိုင်ပါသည်။ဆုတောင်းခြင်းသည်လူနှင့်ဘုရားကိုဆက် သွယ်သောအသက်သွေးကြောဖြစ်ပေသည်။ဆုတောင်းခြင်းအားနဲလာလျှင်မရှိသလောက် ဖြစ်လာလျှင်မိမိတို့အသက်တာ ဝိဉာဉ်ခွန်အားလျော့နည်းလာလျှင်မိမိနိုင်ငံ၏ကားတိုင် တော်တရားလွှမ်းမိုးမှုတွင်ထိခိုက်လာနိုင်ပါသည်။ပေါလုနှင့်သိလတို့သည်ဖိလိပိမြို့တွင် ခရစ်တော်၏ကားတိုင်တော်တရားလွှမ်းမိုးရန်တရားဟောခဲ့သည်။ထိုမြို့တွင်ခရစ်ယာန်မရှိပေ။ သူတို့လုပ်ရမည်မှာလူများအားသခင် ခရစ်တော်ကိုလက်ခံပြီးပြောင်းလဲရန်ဖြစ်သည်။ ယနေ့ခရစ်ယာဉ်များဧဝံဂေလိတရားပြုလုပ်ရာ၌ရှိနှင့်ပြီးသောခရစ်ယာဉ်များကိုစုစည်းပြီးတ ပည့်တော်စုပြုလုပ်ကာနှစ်ခြင်းခံရန်လူပေါင်းငါးဆယ်ရှိလျှင်အသင်းတော်ဖွဲ့စည်းပေးသည်။ ရှင်ပေါလုသည်ခရစ်တော်၏ဧဝံဂေလိတရားကိုဟောပြောရာ၌ထိုးနှက်မှုတိုက်ခိုက်မှုအမျိုးမျိုး ကိုခံခဲ့ရသည်။ထောင်ထဲတွင်အကျဉ်းခံခဲ့ရသော်လည်းဂုဏ်တော်ချီးမွမ်းပြီးဆုတောင်းခဲ့သည်။ ထိုညတွင်ထောင်တံခါးဖွင့်၍ထောင်မှူးနှင့်မိသားစုများပြောင်းလဲပြီးနှစ်ခြင်းခံကြောင်းတွေ့ရ သည်။ထို့ပြင်ဖိလိပိမြို့ပေါ်တွင်လည်းခရစ်တော်၏ကားတိုင်တော်တရားလွှမ်းမိုးသွားခဲ့သည်။ ထို့ကြောင့်ဆုတောင်းခြင်းအားနည်းနေလျှင်အားပျော့နေလျှင်ခရစ်တော်၏ကားတိုင်တော်တ ရားသည်လည်းလွှမ်းမိုးမှုအားနည်းနေမည်ဖြစ်သည်။ထိုအရာများသည်သမ္မာကျမ်းစာထဲ၌ ဖော်ပြထားသောအရာဖြစ်သည်။ယခုတွင် နိုင်ငံတိုင်း၌ဆုတောင်းခြင်းအရှိန်ကိုမြင့်တင်ကျ သည်။ကိုရီးယားနိုင်ငံ၌ hole night pray ကိုသောကြာနေ့တိုင်းတစ်ညလုံးယုံကြည်သူများ အသင်းတော်သို့သွားရောက်၍ဆုတောင်းဆက်ကပ်ကြသည်။မြန်မာပြည်တွင်ထိုကဲ့သို့ပြုလုပ် နိုင် စွမ်းမရှိသေးပေ။မိဘများကမိမိတို့၏သားသမီးများအချိန်မတော်သွားလာမည်လမ်းမှား သွားမည်ကိုကြောက်ရွံ့ကြသည်။မိဘများသည်ဆု တောင်းခြင်းအရှိန်အဟုန်တိုးပွားစေရန် တွေးခေါ်ရမည့်အစားအကြောင်းအမျိုးမျိုးတွေးတောကာစိုးရိမ်ကြသောကြောင့်မိမိနိုင်ငံတွင်ဆု တောင်းခြင်းအရှိန်ပျက်ခဲ့သည်။ထို့ကြောင့် hole night pray,fast and pray,pray mountain ပြုလုပ်၍မိသားစုအလိုက် အသင်းတော်အလိုက်တစ်ဦးခြင်းဆီဆုတောင်းဆက်ကပ်လာကြပြီး dawn pray အာရုံဦးဆုတောင်းခြင်းများကိုပါပြုလုပ်လာကြသည်။တချို့အသင်းတော်များ တွင်တပတ်တခါသောကြာနေ့တိုင်းဆုတောင်းခြင်းပင်အားနည်းလာ ကြောင်းတွေ့ရသည်။ မိမိတို့၏ဆုတောင်းခြင်းအားနည်း၍ပျက်ကွက်ခြင်းပေါ့လျော့ခြင်းတို့ ကြောင့်မိမိတို့ကို ထိ ခိုက်လာသည်။မိမိတို့တိုင်းပြည်၌ခရစ်တော်၏ဧဝံဂေလိကားတိုင်တော်တရားလွှမ်းမိုးအောင် မြင်မှုကိုထိခိုက်မှုဖြစ်စေသည်။ထို့ကြောင့်ဆုတောင်းခြင်းအသက်တာကိုဒေါက်တာဘေလီ ကင်းကမီးမောင်းထိုးပြသွားသည်။

၃။ Purity

သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည်။ဘုရားရှင်၏ဧဝံဂေလိတရားကားတိုင်တော်တရားများမိမိနိုင် ငံတွင်ပြန့်ပွားလိုလျှင်ခရစ်ယာဉ်များကိုကျမ်းစာထဲတွင် Saintသန့်ရှင်းသူများဟုခေါ်ဆိုကြ သည်။ Saint ဟူ သည်သီးသန့်ဖယ်ထားခြင်းမရောနှောခြင်းထူးခြားခြားနားခြင်းဟုဆိုလို သည်။၁ပေ–၁း၁၅.၁၆ ငါသည်သန့်ရှင်းသကဲ့သို့သင်တို့သည်လည်းသန့်ရှင်းရမည်ဟုဆို ထားပါသည်။ခရစ်ယာဉ် ဘာသာကိုယုံကြည်သူသည်သန့်ရှင်းရန်လိုအပ်ပေသည်။ကော ရိန္သုအသင်းတော်၌ထိုစကားကို ရှင်ပေါလုကအလေးအနက်ထား ၍ပြောဆိုခဲ့သည်။အ ဘယ်ကြောင့်ဆိုသော်ထိုအသင်းတော်တွင်ရှိသောနတ်ဘုရားများသည်သောက်စားမူးယစ်ခြင်း နှင့်အမျိုးသမီးများ ၏ပျော်ပါးရာနေရာဖြစ်သည်။ထိုနေရာသည်အလွန်လူစည်ကားလှသည်။

နားမလည်သောသူများကဘုရားတရားကိုကြည်ညိုလေးစားသည်ဟုထင်မှတ်ကြသည်။အမှန်စင်စစ်တွင်နတ်ဘုရားကျောင်းတွင်မမှန်ကန်သောအလုပ်များကိုလုပ်နေကြောင်းမသိချေ။ထို့အတူခရစ်ယာဉ်အသင်းတော်များပေါ်လာသည့်အခါထိုသူများကသူတို့ကဲ့သို့ပင်ဖြစ်လိမ့်မည်။နံမည်ပြောင်းကာလုပ်ဆောင်နေသည်ဟုထင်မှတ်ကြသည်။ထိုအချိန်တွင်ခရစ်ယာဉ်ဘာသာဝင်များသည်ဖိနှိပ်ခံထားရသောကြောင့်လျှို့ဝှက်လုပ်ဆောင်ရသဖြင့် ထိုနတ်ဘုရားကျောင်းရှိသူများကလည်းသူထို့ကဲ့သို့ပင်ဖြစ်မည်ဟုအသေအချာမှတ်ယူကြသည်။ထို့ကြောင့်ခရစ်ယာန်ဘာသာဝင်များ၏မွန်မြတ်ယဉ်ကျေးမှုကိုပေါ်လွင်အောင်ဖော်ပြရန်လိုအပ်ပေသည်။ဂရိယဉ်ကျေးမှုလွှမ်းမိုးသောဘာသာတရားတွင်သန့်ရှင်းစင်ကြယ်မှုရှိပေသည်။ Prostitute ဆိုလျှင်ရိုးရိုးမဟုတ်ဘဲ Temple Prostitute ဗိမာန်တော်တွင်အများကိုလက်ခံဖျော်ဖြေရသူဖြစ်သည်။ရှင်ပေါလုကအသင်းတော်ရှိမိန်းကလေးများအားတည်ငြိမ်စွာနေရန်နှင့်အဝတ်အစားများကိုသတိထားဝတ်ဆင်ရန်ပြောခဲ့သည်။အခြားသူများကမိမိတို့ကိုကြည့်သောအခါတွင်ထိုမကောင်းသောသူများကဲ့သို့ထင်မြင်မှုမရှိစေရန်အရာရာတွင်ဆင်ခြင်သင့်သည်။အသင်း တော်သည်သန့်ရှင်းသောဗိမာန်တော်သန့်ရှင်းသောဘုရားသန့်ရှင်းသောလူစုဖြစ်စေဖို့ရန်လိုအပ်သည်။သင်းအုပ်ဆရာတစ်ယောက်သည်မိန်းမတစ်ယောက်ထဲရှိရမည်။အပြင်လောကတွင်ကုမ္ပဏီပိုင်ရှင်များသည်မိန်းမများစွာယူမည်ဆိုကပြဿနာမရှိပေ။ထိုသူများလုပ်ကိုင်သောအလုပ်၌လည်းသန့်ရှင်းစင်ကြယ်မှုကိုအခြေမခံပေ။သန့်ရှင်းခြင်းကိုဘုရားသခင်၏အမှုတော်ကတောင်းဆိုနေပေသည်။ထို့ကြောင့် ယုံကြည်သူတိုင်းစစ်မှန်သောသန့်ရှင်းခြင်းကိုရရှိရန်လိုအပ်သည်။သို့မှသာပတ်ဝန်းကျင်ရှိသူများသည်ခရစ်တော်နှင့်ခရစ်ယာန်ဘာသာကိုလေးစားကြည်ညိုပြီးခရစ်ယာဉ်တို့ ၏အသက်တာကိုအားကျမှုရှိလာစေရန်စံနမူနာကောင်းဖြစ်အောင်နေထိုင်သင့်သည်။ထိုသို့နေထိုင် မှသာခရစ်တော်၏အရှိန်အဝါနှင့်ဩဇာလေးစားယုံကြည်မှုများရှိနိုင်ပေမည်။ထိုသို့မဟုတ်ဘဲဆန့်ကျင်ဘက်ဖြစ်နေပါကသန့်ရှင်းခြင်းဟူသောအချက်သည်အားပျော့လာမည်ဖြစ်ပေသည်။ထိုအခါခရစ်တော်၏ကားတိုင်တော်လွှမ်းမိုးမှုသည်တဖြည်းဖြည်းနှင့်အားပျော့လာမည် ဖြစ်သည်။ထို့ကြောင့်မိမိတို့ ၏ရိုးသားမှုဖြောင့်မတ်မှုတို့သည်ကားတိုင်၏လွှမ်းမိုးမှုပင်ဖြစ်ပေသည်။

၄။ Proclamation ဟောပြောခြင်းကြေငြာခြင်းဖြစ်သည်။ငါတို့သည်ခရစ်တော်၏ကားတိုင်တော်တရားကိုကြေငြာသူများဖြစ်သည်။ယောဘ–၁၀–၁၄း၁၅ တွင်စေလွှတ်သောသူမရှိလျှင်အဘယ်သို့သွားနိုင်မည်နည်း။ပြောမည့်သူ မရှိလျှင်အဘယ်သို့ကြားနိုင်မည်နည်း။မကြားလျှင်ပဋ္ဌနာတော်ကိုမည်သို့ယုံကြည်နိုင်မည်နည်းဟုဖော်ပြထားသည်။ဆရာကြီးယုဒသန်မြန်မာပြည်သို့လာရောက်စဉ်ဟောကြားခဲ့သည့်တရားတော်များကိုနာယူကြရသောအခါယုံကြည်ပြီးပြောင်းလဲသောအသက်တာကိုရရှိနိုင်ခဲ့သည်။ထို့ကြောင့်ခရစ်တော်၏ကားတိုင်တော်တရားသည်မိမိနိုင်ငံ၌စတင်အခြေတည်၍ပြန့်ပွားလျက်ရှိကြောင်းတွေ့ရပေမည်။မိမိတို့သည်ခရစ်တော်အကြောင်းကိုသူတပါးအားဟောပြောသက်သေခံရန်တာဝန်ရှိပေသည်။မိမိတို့သည်ဤတာဝန်ကိုကြေပွန်စွာထမ်းဆောင်ခဲ့သည်ကိုဆန်းစစ်ရန်လိုအပ်ပေသည်။တရားတော်ကိုရဲဝံ့စွာမပြောနိုင်သည့်အပြင်သိလိုသူများ၏အမေးပုဒ်စာပြုသောအခါတွင်ငြင်းပယ်တတ်ကြသည်။ထိုအခါမျိုး၌သိလိုသူများကိုသင်းအုပ်ဆရာထံသို့ပို့ဆောင်ပေးသင့်သည်။ထိုသို့မပြုဘဲမိမိကိုယ်တိုင်ပင်ပျောက်သွားတတ်ကျ၏။သိလိုသူနာကြားလိုသူများရှိသော်လည်းမိမိတို့သည်တာဝန်ပျက်ကွက်နေပါသည်။ခရစ်တော်ကလည်းသွား၍လူမျိုးတကာတို့ကိုမြေကြီးစွန်းတိုင်အောင်ဟောပြောကြေငြာရန်တာဝန်ရှိပေသည်။ကျွန်ုပ်တို့နိုင်ငံတွင်သူတို့၏ဘာသာတရားကိုသာသနာပြုရန်ရည်ရွယ်ချက်ဖြင့်တက္ကသိုလ်များကိုတည်ဆောက်ကြသည်။ထိုကဲ့သို့စိတ်ဓါတ်ခံယူချက်နှင့်အချိန်အဟုန်များသည်မိမိတို့တွင်ရှိရန်လိုအပ်ပေသည်။မိမိတို့၏ဘာသာသည်သာသ

နာပြုသောဘာသာဖြစ်သည်။ကမ္ဘာ့အနှံ့အပြားတွင်ရောက်ရှိနေသောသာသနာသည်ကျယ်ပြန့်သကဲ့သို့မိမိတို့သည်ပါဝင်ဟောပြောသက်သေခံရန်ကျောင်း၌ဖြစ်စေရုံး၌ဖြစ်စေကုမ္ပဏီ၌ဖြစ်စေခရစ်ယာန်အသက်တာဖြင့်အသက်ရှင်ပြရန်လိုအပ်သည်။နှုတ်ဖြင့်လည်းဟောပြောသက်သေခံရန်လိုအပ်သည်။ဆရာမတစ်ဦးကယနေ့ခရစ်ယာဉ်အမျိုးသမီးများသည် Gospelကိုပြောရမည့်အစား Gossipအတင်းပြောနေသည်ကပိုများသည်။မယုံကြည်သူများအတွက်ထိမိ၍လဲစရာဖြစ်စေသည်။ခရစ်တော်သည်မိမိတို့ကိုကြေငြာခိုင်းသည်မှာကယ်တင်ခြင်းတရားဝမ်းမြောက်ခြင်းတရားပြောဆိုရန်ဖြစ်သော်လည်းဆွံ့အ၍အသံမထွက်နိုင်ကြပေ။ခရစ်တော်အကြောင်းကို မိမိတို့မပြောလျှင်အဘယ်သို့ကြား၍ယုံနိုင်မည်နည်း။ကိုရီးယားနိုင်ငံတွင်ခရစ်တော်အကြောင်းကိုနည်းမျိုးစုံဖြင့်မရှက်မကြောက်ကြေငြာကြသည်။သို့သော်လည်းမိမိတို့နိုင်ငံတွင်လူငယ်များအားစနေနေ့တွင်စကောဈေးသို့သွား၍သီချင်းဆိုပြီးခရစ်တော်အကြောင်းပြောခိုင်းမည်ဆို ပါကအစေခံနိုင်မည့်သူနည်းပါးမည်ဖြစ်ပေသည်။အချို့ကလည်းပေါကြောင်ကြောင်အလုပ်ဟုထင်ကြပေမည်။ထို့ကြောင့်ကျွန်ုပ်တို့သည်ဘုရားရှင်၏ကယ်တင်ခြင်းတရားကိုမရှက်မကြောက်ဟောပြောသက်သေခံရန်လိုအပ်သည်။

၅။ Persecution

ညှင်ပန်းနှိပ်စက်ခြင်းဖြစ်သည်။သက်သေခံခြင်းနှင့်ညှင်းပန်းနှိပ်စက်ခြင်းသည်တွဲဆက်နေသည်။ညှင်းပန်းနှိပ်စက်ခြင်းကိုခံရမည်စိုးသောကြောင့်သက်သေခံခြင်းကိုမပြု လုပ်နိုင်ပေ။ဂရိဘာသာစကားအရ မာတုရ martyr အသက်သေသည့်အထိအသေခံသူများဟုဆိုလိုသည်။ညှင်းပန်းနှိပ်စက်ခြင်းသည်ခရစ်ယာဉ်တစ်ဦးအဖြစ်ပြည့်ဝစွာအသက်ရှင်ခြင်းဖြင့်မလွဲမသွေကျရောက်လာမည့်အရာဟုသတ်မှတ်ထားကြသည်။ကိုရီးယားနိုင်ငံတွင် Church growth အသင်းတော်များအလျင်အမြန်နှင့်အရှိန်အဟုန်တိုးတက်ကြီးပွားရခြင်းကိုသမိုင်းပညာရှင်တစ်ဦးကအချက်နှစ်ချက်ဖြင့်ဖော်ပြသွားသည်။ Revivalတစ်နိုင်ငံလုံးနိုးကြားမှုဖြစ်လာသည်။ထိုသို့နိုးထမှုဖြစ်လာလျှင်ဘုရားကျောင်းသို့မသွားဘဲသီချင်းမဆိုဘဲဆုမတောင်းဘဲသက်သေမခံဘဲမနေနိုင်ပေ။အားလုံးပိုးထိသကဲ့သို့ရောဂါရသကဲ့သို့လုပ်လုပ်ရှုရှုဖြစ်ခဲ့ကြသည်။မိမိနိုင်ငံ၌သာသနာသမိုင်း၁၈၀ကျော်တွင်တစ်ခါမျှထိုကဲ့သို့မဖြစ်သေးပေ။Revival၏အခြေခံသည်ဆုတောင်းခြင်းဖြစ်သည်။ဆုတောင်းခြင်းအားနည်းနေသမျှနိုးထမှုဖြစ်မလာနိုင်ပေ။ကိုရီးယားနိုင်ငံတွင် Nation wide revival နှစ်ကြိမ်ဖြစ်ခဲ့သည်/ Revival ပြီးမှ persecution ဖြစ်လာနိုင်သည်။ကိုရီးယားနိုင်ငံနှစ်တစ်ရာသမိုင်းတွင်ခရစ်ယာဉ်ယုံကြည်သူများ ပျင်းထန်စွာညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းခံခဲ့ရသည်။မိမိတိုင်းပြည်တွင်လည်း Revival မရှိလျှင် persecution မရှိနိုင်ပေ။ persecution မရှိက Chruch growth လဲမရှိနိုင်ပေ။ခရစ်များမှမွေးလာသောသားသမီးများသည်နစ်ခြင်းခံကာမိရိုးဖလာခရစ်ယာဉ်ပုံစံမျိုးဖြင့်အသက်ရှင်လာကြသည်။ထို့ကြောင့်ဆရာကြီးဘေလီကင်းက persecutionဟုခေါ်သောကိုယ်ကာယစိတ်ပိုင်းဝိဥာဉ်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်မှုများသည်ခရစ်ယာဉ်တစ်ဦးအနေဖြင့်အမှန်တကယ်ရပ်တည်အသက်ရှင်လျှင်မလွဲမသွေကြုံရမည်ဖြစ်ပေသည်။ဖိလိပိ–၃–၁၆း၁တွင်လက်ဝါးကပ်တိုင်ကိုရန်ဘက်ပြုသောသူများရှိသည်။ကားတိုင်တရားတော်ကိုကမ္ဘာပေါ်တွင်လွှမ်းမိုးနိုင်ရန်ကြိုးစားလုပ်ဆောင်စဉ်အခါကားတိုင်လမ်းနှင့်ဆန့်ကျင်ဘက်ပြုသောသူများ၏ထိုးနှက်တိုက်ခိုက်ညှင်းပန်းနှိပ်စက်ခြင်းကိုခံရသည်။ထို့ကြောင့်ကားတိုင်လမ်းသည်သွေးစက်ရှိသည်။သမိုင်းတွင်ညှင်းပန်းနှိပ်စက်ခံရခြင်းသည်အသင်းတော်ကြီးပွားတိုးတက်ရန်အတွက်အကောင်းဆုံးအနေအထားဟုဆိုထားပါသည်။ခရစ်တော်ကို ယုံကြည်ခြင်းကြောင့်ညှင်းပန်းနှိပ်စက်ခြင်းကိုခံရသောအခါဝမ်းနည်းနေစရာမလိုပေ။ရှင်ပေါလုကလည်းငါသည်ဝမ်းမြောက် ၏။ငါသည်သေသွားသော်လည်းခရစ်တော်ကအစေ့တစ်စေ့သည်မြေမှာကျ ၍ပုတ်ပျက်ခြင်းမရှိလျှင်

အပင်ပေါက်ရောက်ခြင်းတိုးပွားခြင်းမရှိနိုင်။မြေတွင်ကျ ၍ပုတ်ပျက်အသေခံခြင်းဖြင့်တိုးတက်နိုင်မည်အပင်ပေါက်ရောက်နိုင်ပေမည်။

ထို p ငါးလုံးကိုမိမိတို့အသက်တာတွင်ပေါ်လွင်လာလျင်အသင်းတော်တွင်ပေါ်လွင်လာလျင်ကားတိုင်တော်၏လွှမ်းမိုးမှု သည်အရပ်ဒေသအသီးသီးတွင်ပေါ်လွင်လာနိုင်တော့မည်ဖြစ်ပေသည်။ရောမဧကရစ်ကွန်ရက်တိုင်းသည်ခရစ်ယာန်မဟုတ်ပေ။သူသည်ကားတိုင်တံဆိပ်ကိုမြင်တွေ့အိပ်မက်ခဲ့သည်။ထိုအမှတ်တံဆိပ်ကိုသူ၏စစ်တပ်တွင်နမူနာပုံစံဖြင့်အသုံးပြုပါကလုပ်ဆောင်သမျှအောင်မြင်မည်ဟု အိပ်မက်ခဲ့သည်။ထိုအခါသူသည်မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့်ခရစ်တော်၏ကားတိုင်အမှတ်တံဆိပ်ကိုအသုံးပြုသောအခါအံ့သြဖွယ်အောင်မြင်မှုရရှိလာကြောင်းတွေ့ရသည်။နောက်ဆုံးတွင်ကားတိုင်တံဆိပ်၏တန်ခိုးကြီးကြောင်းကိုနားလည်လာကာသူညှင်းပန်းနှိပ်စက်ခဲ့သော ခရစ်ယာဉ်ဘာသာတရားကိုနိုင်ငံတော်ဘာသာအနေဖြင့်ယုံကြည်ကိုကွယ်ရမည်ဟုသတ်မှတ်ကြေငြာခဲ့ကြောင်းတွေ့ရသည်။ထို့ကြောင့်ခရစ်တော်၏ကားတိုင်တော်တရားသည်ထိုမျှလောက်အစွမ်းရှိပေသည်။

ဆရာဦးမျိုးမော် တရားဒေသနာ (၂၀၀၅)
Pastor : Rev U Myo Maw
Myanmar Buptist Church , New York.
Website www.geocities.com/myanmar-bc